# နှလုံးသားမြို့ဟောင်းတူးဖော်ခြင်း

## ဖြောင့်မတ်သူတဲ့ (၁ ရာ ၂၄)

"ငါ့သား ဒါဝိဒ် သင်သည် ငါ့ထက်သာ၍ တရားစောင့်၏ သင့်အကျိုးကို ငါဖျက်သော်လည်း သင်သည် ငါ၌အကျိုးကျေးဇူးပြုပြီ" ရှင်ဘုရင်ရှောလုဟာ မိမိရဲ့မနာလိုစိတ်နှင့် တစ်ဖက်သတ် ရန်ဘက်ပြုပြီး သားမက်တော် ဒါဝိဒ်ကိုသတ်ဘို့အကြိမ်ကြိမ် ကြိုးစားလို့ ဒါဝိဒ်ဟာ နန်းတော်ကထွက်ပြေးရပြီ တောထဲမှာ လှည့်လည်နေစဉ်မှာလည်း ရှောလုဟာ တကောက်ကောက်လိုက်ခဲ့ပါတယ်၊ ဒီတခါမှာတော့ မထင်မမှတ်ဘဲ ဒါဝိဒ်ပုန်းနေတဲ့ ဂူထဲကို ရှောလုဝင် အိပ်မိတယ်လေ။

မနက်မိုးလင်းလို့ ထလာခဲ့ပြီး ခပ်ဝေးဝေးရောက်မှ အော်သံကြားလို့ လှည့်ကြည့်တော့ ဒါဝိဒ်ဟာ အဝေးက ပျပ်ဝပ်ပြီး အကြောင်းစုံရှင်းပြရင်း ရှောလုရဲ့ အဝတ်တော်အောက်ပိုင်းကို သူလှီးဖြတ်ထားကြောင်း ပြောပြပါတယ်၊ ဒီအခါမှာ ရှောလု အလွန်ဝမ်းနည်းပြီး ငိုကြွေးသံနှင့် အထက်ပါအတိုင်း ဒါဝိဒ်ကို တောင်းပန်စကားပြောကြားပါတယ်။

ဒါဝိဒ်ဟာ စိတ်ထားနူးညံ့သူပါ၊ သူ့ကိုရန်ပြုသူဟာ သူ့ရဲ့လက်တကမ်းရောက်နေတာတောင် မှမသတ်ခဲ့ဘူးလို့ယူဆဘွယ်ရာပေါ့၊ တကယ်တော့ ဒါဝိဒ်ဟာ ဘုရားကိုကြောက်လို့သာရှောလုကို မသတ်ခဲ့ကြောင်း ကျမ်းစာအရ တွေ့ရပါတယ်။ဘုရားရှင်ဘိသိက်ပေးထားပြီးသူမို့ မသတ်ရဲဘူးလို့ ဒါဝိဒ်ပြောခဲ့ပါတယ်။

ဘုရင်ရှောလုကတော့ သူ့ကို ဒါဝိဒ်ခွင့်လွှတ်ရှာတယ်လို့ထင်ခဲ့တယ်၊ဒါကြောင့် ဆက်ပြီးပြောလိုက်တာက သင်သည် ငါ့ထက်သာ၍ တရားစောင့်၏၊ သင့်အကျိုးကိုငါဖျက်သော်လည်း သင်သည်ငါ၌ အကျိုးပြုပြီ။ ထိုကျေးဇူးကို ထာဝရဘုရားဆပ်တော်မူပါစေသော၊ ယခုမှာ သင်သည် စင်စစ်ဘုရင်ဖြစ်လိမ့်မည်။- လို့ဆိုပါတယ်။

ယခင်ကတည်းက ဒါဝိဒ် ဘုရင်ဖြစ်သွားမှာစိုးလို့ လိုက်သတ်နေတာပါ။ အခုတော့ ဒါဝိဒ် ဘုရင်ဖြစ်လိမ့်မယ် ဧကန်လို့သူပြောပါပြီ။ ပြီးတော့ ဒါဝိဒ်ဘုရင်ဖြစ်ရင် သူ့ရဲ့သားစဉ်မြေးဆက်တွေကို မသုတ်သင်ပါနဲ့လို့ ကျိန်ဆိုခိုင်းပါတယ်။ ဒါဝိဒ်သည် ရှောလုအား ကျိန်ဆိုခြင်းကိုပြု၏ လို့တွေ့ရပါတယ်။ ထာဝရဘုရားကိုတိုင်တည်ပြီး- ကျိန်ဆိုစေခဲ့တာပါ။ ဒီအရာကဘဲ ပြဿနာဖြစ်နေပါတော့တယ်။ တကယ်ဆိုရင် ဘုရားရှင်မျက်နှာသာ မပေးတော့သောသူရဲ့စကားကို ရောယောင်ခေါင်းငြိမ့်ပြီး ကျိန်ဆိုမိတာက ဒါဝိဒ်အတွက် အလွန်မှားခဲ့ပါတယ်။

တကယ်တော့ ဒါဝိဒ်ရဲ့အစအဦးအမှားက ဘုရင်ရှောလုကိုသူမသတ်ဘဲ လွှတ်ရကြောင်းဖေါ် ပြချင်လို့ အတွေ့ခံလိုက်တာကိုက ဆိုးပါတယ်။

ဒါဝိဒ်ဟာ ရှောလုကို တကယ်တန်းခွင့်မလွှတ်နိုင်လို့ဆိုတာ ဒီကျမ်းတစ်ခန်းထဲမှာဘဲတွေ့နိုင်ပါတယ်။ - ထာဝရဘုရားသည် ကျွန်တော်နှင့် ကိုယ်တော့်စပ်ကြားမှာ စီရင်တော်မူပါစေသော- လို့သူကျိန်ခဲ့ပါသေးတယ်။ ရှောလုကိုဒါဝိဒ် ကောင်းကြီးမပေးနိုင်ခဲ့ပါဘူး၊ ရန်သူကိုမချစ်နိုင်ခဲ့ပါဘူး၊ ဒါကြောင့် သူထွက်တွေ့ခဲ့ခြင်းဟာ သူဘယ်လောက်ဖြောင့်မတ်သလဲလို့ ပြသဖို့သာဖြစ်နေပါတယ်။

(ဒေ ၇း၁၆ လွန်ကျူးစွာမဖြောင့်မတ်နှင့်) လို့ ဆိုထားပါတယ်။ ဖြောင့်မတ်ကြောင်း လွန်ကျူးပြခြင်းကိုဘုရားမကြိုက်ပါဘူး။ ဒါဝိဒ် ဒီလိုပြသမိတဲ့အတွက် အခုတော့မကောင်းကျိုး သက်ရောက်စရာအကြောင်းပေါ် လာပါပြီ။

## မှားရပါပြီ ၂ရာ ၂၁

ဒါဝိဒ် ဣသရေလ ဘုရင်ဖြစ်စကာလ မကြာမှီမှာ အစာအဟာရသုံးနှစ် ခေါင်းပါးပါတယ်။ ကပ်ဆိုက်ခြင်းပေါ့။ ကျမ်းစာအရ ဘုရားရှင်ဆုံးမအပြစ်ပေးခြင်းတစ်မျိုးဖြစ်တယ်။ ဒါဝိဒ်က ဘုရားရှင်ကို ပရောဖက်များနှင့်မေးလျှောက်ပါတယ်။ အဖြေသိခဲ့ရပါတယ်။ တချိန်က ခါနန်ပြည်ကို ဣသရေလလူတို့ ယောရှုဦးဆောင်မှုနှင့်လာစဉ်မှာ ဂိဗောင်မြို့သားတွေက သူတို့ဟာအဝေးကြီးကရောက်လာပြီး မိတ်သဟာယဖွဲ့ရပါတယ်ဆိုပြီး လိမ်လည်ပြီးသစ္စာပြုခြင်း ခံယူခဲ့တာကြောင့် နောင်အခါမှာ ဂိဗောင် လူတွေကိုမသတ်ရဘဲ ချန်ထားခဲ့ရပါတယ်။ သစ္စာပြုပြီးရင် ဖျက်လို့မရတော့တဲ့အတွက် ယောရှုက "ငါတို့သည် ကျိန်ဆိုခြင်းကို

ပြုမိသောကြောင့် သူတို့ကိုမထိခိုက်ရတော့၊ ကြွသရေလလူတို့အဖို့ ထင်းခုတ်သောသူ၊ ရေခပ်သောသူဖြစ်စေရမည်။- (ယောရှု ၉း ၁၃-၂၇)ဟုဆိုပြီး ကြွသရေလလူတွေ နှင့်အတူ ရောနှောနေထိုင်ခွင့်ပြုခဲ့ပါတယ်။ မဖျက်ဆီး မသတ်ဖြတ်ခဲ့ရပါဘူး။

ဒါဝိဒ်အမေးကို ဘုရားရှင်အဖြေပေးတာက ဂိဗောင်လူတို့ကိုသတ်သော ရှောလုကြောင့်အပြစ် လို့ ဖြေပါတယ်။ ဒီအခါဒါဝိဒ်ဟာ ဂိဗောင်လူတွေကို ခေါ်ပြီးငါတို့ကို ကောင်းကြီးပြန်ပေးဖို့ နင်တို့အတွက် ဘာလုပ်ပေးရမလဲလို့မေးလိုက်ပါတယ်။ ဒါဝိဒ်က ဘုရားရှင်ကို ဘာလုပ်ပေးရမှာလဲလို့မမေးဘဲ လူတွေကိုမေးခဲ့တာကလည်း အံ့သြစရာပါဘဲ။

(မ ၅း၂၃) ကျမ်းစာအရတော့ သူတစ်ပါးက ကိုယ့်ကိုစိတ်နာနေရင် ကိုယ်ကောင်းကြီးမရဘူး၊ လုပ်လေသမျှ အရှုံးပေါ်မယ်လို့တော့တွေ့ထားပါတယ်။ ဒါဝိဒ်လဲ ဒီအတွက် ဂိဗောင်လူတွေရဲ့ကောင်းကြီးကို လိုချင်တာဖြစ်ဟန်တူပါတယ်။

ဒီအခါ လူတွေတောင်းလိုက်တာကတော့ သူတို့ကိုညှင်းဆဲတဲ့ ရှောလုရဲ့သားခုနှစ်ယောက်အပ်ပါ ၊ အဲဒီသူတွေကို သတ်ရမှ ကိစ္စပြီးမယ်တဲ့လေ။ ဒါဝိဒ်ကလည်း အပ်ပါ့မယ်လို့ဆိုပြီး ရှောလုရဲ့သား ခုနှစ်ယောက်ကို ဂိဗောင်လူတို့လက်ကို အပ်လိုက်ပါ တယ်။

သွားပြီပေါ့ ရှောလုနှင့်ထာဝရဘုရားကို တိုင်တည်ပြီး ကျိန်ဆိုကတိပေးခဲ့တာပျက်ခဲ့ပြီလေ။

-အပြစ်ရှိသောသူတို့ကို ဘေးလိုက်တတ်၏- (သု ၁၃း၂၁)။

-ဘုရားသခင်ထံတော်၌ သစ္စာကတိပြုမိလျှင် သစ္စာဝတ်ကိုဖြေလော့။ သစ္စာကတိပြု၍ ဝတ်ကိုမဖြေသည်ထက် သစ္စာမပြုသော် သာ၍ကောင်း၏- (ဒေ ၅း၄-၆) တဲ့လေ။

သစ္စာကတိကို မလိုအပ်ဘဲ မပြုမိပါစေနဲ့လို့ ကျမ်းစာကပြောပါတယ်။ အမှားလုပ်မိသူကို အလင်းကွယ်တယ်တဲ့၊ အမှန်မမြင်ရရင် သမ္မာတရားလမ်းက ချော်ထွက်ကုန်မှာပေါ့။ တကယ်တော့ ဒီပြဿနာအားလုံးရဲ့အစဟာ ခွင့်မလွှတ်နိုင်ခြင်းကြောင့်ပါဘဲ။

## ခွင့်မလွှတ်လျှင် (မ ၁၈း၃၅ )

ဘုရားရှင်က ခွင့်မလွှတ်တတ်သူကို ခွင့်မလွှတ်ပါဘူး။ ဒါကြောင့် ခရစ်တော်က သူများအပြစ်ကို အရင်ခွင့်လွှတ်ပြီးမှ ဘုရားရဲ့ခွင့်လွှတ်ခြင်းကိုယူပါ- (မ ၆း၁၂) လို့သင်တယ်။ ကျန်းမာလိုလျှင် မုန်ညှင်းစေ့လောက်ယုံပြီး ဆုတောင်းပါ၊ ဒါပေမဲ့ ခွင့်မလွှတ်နိုင်ဘဲနှင့်တော့ ကျန်းမာခြင်းမရနိုင်ဘူးလို့(မာ ၁၁း၂၃-၂၆) လည်း ကျမ်းစာအရတွေ့ရမယ်။ ဆုတောင်းသမျှကို ယုံမှား စိတ်ကင်းပြီး အပြစ်ခွင့်လွှတ်တတ်တဲ့နှလုံးရှိသူမှ ရမယ်လို့ဆိုလိုတာပါ။

## ခွင့်မလွှတ်ခြင်းကို မုန်းတော်မူ၏

ဘုရားရှင်ဖွင့်ပြတာက ကျွန်မတို့ရဲ့ကြီးစွာသောအပြစ် (ငရဲသွားရန်သင့်နေသောအပြစ်) ကိုခွင့်လွှတ်ပေးခဲ့ပါပြီ။သူတပါးရဲ့အပြစ်ကလေးတွေကို ကျွန်မတို့ခွင့်မလွှတ်နိုင်ခြင်းဟာ ဘုရားကို နာမခံခြင်းသာဖြစ်တယ်။ ခွင့်မလွှတ်နိုင်ခြင်းကို ဘုရားရှင်ရွံမုန်းတော်မူတယ်တဲ့။ ခရစ်တော်ကလည်း တပည့်တော်တွေကို သင်ခဲ့တာက လူတစ်ယောက် ပြစ်မှားဒါကို တနေ့ထဲမှာတောင် ခုနစ်ဆယ်ခုနစ်လီ ခွင့်လွှတ်ပါတဲ့။(လု ၁၇း၄။ မ ၁၈း၂၁-၂၂)။

## ခွင့်လွှတ်ပါ

ဒါကြောင့်နိဂုံးချုပ်ဝေငှလိုတာက ကိုယ်မှန်တယ်၊ သူမှားတယ်ဆိုပြီး ခွင့်မလွှတ်ဖို့ နှလုံးကို လှည့်ဖြားထားရင် ဘုရားရှင်ကို လုံးလုံးဆန့်ကျင်ပြီး ဘုရားရဲ့ရန်သူကို အားပေးနေတာသာဖြစ်မယ်။ ရန်သူကိုနာခံနေတာသာဖြစ်တယ် မလုပ်ကြပါနှင့်၊ ဘုရားကို နာခံပါ။ ရန်သူကိုဆန့်ကျင်ပါ။ ကိုယ့်ကောင်းကြီးကိုမပိတ်ပါနှင့်။ ဘုရားကိုနာမခံရင် အမှားများစွာကို ဒါဝိဒ်ပြုသလို ဆက်ပြုနေမိကြောင်း ပြန်ပြီးဆင်ခြင်ကြည့်ကြပါတော့။ စာရေးသူ ကိုယ်တိုင်အရာရာ ဆုံးကြဖြတ်ကျော်ပေးတပ်ခဲ့ပြီမို့ ဝေဒနာတွေကို အရင်းပြုပြီး တင်ပြအပ်ပါတယ်။

ဒေါ်စန်းစန်းမြင့်